တင်ဒါတင်သွင်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ

၁။ လူမှုဖူလုံရေးအဖွဲ့ပိုင်အဆောက်အဦများတွင် လူမှုဖူလုံရေးအကျိုးဝင် အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သောဆေးခန်း ဖွင့်လှစ်ရန်အတွက် အသုံးပြုရမည်။

၂။ လူမှုဖူလုံရေးအဖွဲ့ပိုင်အဆောက်အဦများတွင် ဆေးခန်းဖွင့်လှစ်ဝန်ဆောင်မှုဆောင်ရွက်မည့် ဆေးခန်းများမှာ အောက်ဖော်ပြပါ ဆေးခန်းများ ဖြစ်ပါသည်-

စဉ်	Lot	ဆေးခန်းအမည်	လိပ်စာ	ငှားရမ်းမည့် အဆောက်အဦ အကျယ်အဝန်း	အရေ အတွက်
၁	Lot 1	လူမှုဖူလုံရေးဆေးခန်း (ရွှေလင်ပန်း)	ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အုန်းတောလမ်း၊ တိုက်(၆)၊ အခန်း အမှတ် (၀၀၁/၀၀၂)		၁
၂	Lot 2	လူမှုဖူလုံရေးဆေးခန်း (မင်္ဂလာဒုံ)	ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊အုပ်ချုပ်မှု သင်တန်း ကျောင်းလမ်း၊ အမှတ်၊ (၆၅/၆၆)၊		၁
၃	Lot 3	လူမှုဖူလုံရေးဆေးခန်း (ရွှေပြည်သာ)	ရန်ကုန်တိုင်းဒေသကြီး၊ရွှေပြည်သာစက်မှုဇုန်(၃) ၊ ပုလဲလမ်းနှင့် ဦးရွှေအိုးလမ်းထောင့်တိုက် အမှတ်(၁)၊ ရွှေပြည်သာစက်မှုဇုန်ပိုင်၊ တန်ဖိုးနည်းအိမ်ရာ(၁၂) ခန်းတွဲx၅ထပ်) နေရာ	(၁၈x၁၈)ပေရှိ မြေညီထပ် ၅ ခန်း	၁
၄	Lot 4	လူမှုဖူလုံရေးဆေးခန်း (ဒဂုံဆိပ်ကမ်း)	ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ကနောင် (တန်ဖိုးနည်း) အိမ်ရာ၊ တိုက်အမှတ် (၃) အခန်းအမှတ် (၀၀၁/၂/၃/၄)	(၂၂x၅၂) ပေရှိ မြေညီထပ် ၄ ခန်း	၁
၅	Lot 5	လူမှုဖူလုံရေးဆေးခန်း (ဒကွိဏာသီရိ)	နေပြည်တော်ကောင်စီနယ်မြေ၊ ဒကွိဏာသီရိမြို့နယ်၊ စစ်သံမှူးဇုန်ရပ်ကွက်၊ ဒမ-၀၃၆၊ ဒမ-၀၃၈	(၈၄x၅၄x၂၆) Rc အဆောက်အဦ မြေညီထပ်	၁
၆	Lot 6	လူမှုဖူလုံရေးဆေးခန်း (လှိုင်သာယာ-ကျန်စစ်မင်း)	ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်၊ ၁၄/၄၄ မကွေးလမ်း၊ (၈) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်	(၈၃x ၅၃) ပေရှိ Rc (၂) ထပ် အဆောက်အဦ မြေညီထပ်	၁

၃။ တင်သွင်းသည့် လစဉ်ငှားရမ်းခသည် ကြမ်းခင်းဧရိယာထက်လျော့နည်းပါက တင်ဒါပယ်ဖျက်မည်ဖြစ်သည်။

၄။ ကျန်းမာရေးဝန်ကြီးဌာန၏ ဆေးခန်းဖွင့်လှစ်ခွင့်လိုင်စင်/ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်ရှိသူ (သို့မဟုတ်) ဆေးခန်းဖွင့်လှစ်ခွင့်လိုင်စင် လျှောက်ထားနိုင်သူဖြစ်ရမည်။

၅။ တည်ဆဲဥပဒေများနှင့်အညီ မြန်မာနိုင်ငံသားပိုင် တရားဝင်မှတ်ပုံတင်ထားသော ပုဂ္ဂလိက ဆေးရုံ/ဆေးခန်း/ကုမ္ပဏီ ဖြစ်ရမည့်အပြင် သက်တမ်းပြတ်ခြင်း မရှိစေရပါ။ ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင် သို့မဟုတ် ဆရာဝန်ဖြစ်ရမည်။

၆။ တည်ဆဲဥပဒေများနှင့်အညီ တရားဝင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသူ ဖြစ်ရမည်ဖြစ်ပြီး ကုမ္ပဏီအမည်ပျက်စာရင်းတွင် ပါဝင်ခြင်းမရှိစေရပါ။ နိုင်ငံတော်မှ သတ်မှတ်ထားသည့် အခွန်များ ပေးဆောင်ပြီးသည့်ကုမ္ပဏီဖြစ်ရမည်။

၇။ ပြုပြင်ထိန်းသိမ်းမှုအနေဖြင့် အဆောက်အဦ၏ မူလဖွဲ့စည်းပုံကို ထိခိုက်စေမည့် ပြင်ဆင်မှုများမပြုလုပ်ရ။ လိုအပ်သောအတွင်းပိုင်းပြင်ဆင်မှုများကို ဌာန၏ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။

၈။ တင်ဒါလျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ မှတ်ပုံတင်နှင့် သန်းခေါင်စာရင်း မိတ္တူ

(ခ) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်မိတ္တူ/ ဆရာဝန်၏ဆေးကုသခွင့်လိုင်စင်

(ဂ) ဆေးခန်းဖွင့်လှစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆိုပြုလွှာ

၉။ တင်ဒါတင်သွင်းသူသည် လူပုဂ္ဂိုလ်အမည်အစား လုပ်ငန်းအမည် (သို့မဟုတ်) ကုမ္ပဏီအမည်ဖြင့်သာတင်သွင်းရမည်။ တင်ဒါတင်သွင်းသူသည် ဌာနရမ်းလိုသည့် လူမှုဖူလုံရေးအဖွဲ့ပိုင်အဆောက်အဦ၊ ဆေးခန်းဖွင့်လှစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆိုပြုလွှာ Company Profileတို့ကို **စာအိတ်(A)**တွင် ချိတ်ပိတ်ထည့်သွင်း၍ လည်းကောင်း၊ ဌာနရမ်းမည့်ဈေးနှုန်းတောင်းခံလွှာပုံစံပါအချက်များကို ဖြည့်စွက်လက်မှတ်ရေးထိုးလျက် **စာအိတ် (B)** တွင် ထည့်သွင်း၍ ချိတ်ပိတ်ပြီး ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့ (၁၆:၃၀) နာရီအတွင်း နောက်ဆုံးထား၍ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)၊ နေပြည်တော်သို့ လူကိုယ်တိုင်လာရောက်တင်သွင်းရမည်။

၁၀။ တင်ဒါအဆိုပြုလွှာတင်သွင်းသူသည် တင်ဒါစပေါ်အာမခံကြေးငွေအား ဌာနရမ်းခကာလ ဒေသပေါက်ဈေး/ ဌာနရမ်းမည့် (၁)နှစ် နှုန်းထား၏ ၁% အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခု၏ ငွေပေးအမိန့် (Payment Order Cheque)

မူရင်းဖြင့် ပေးသွင်းရမည်။ တင်ဒါရွေးချယ်ခြင်းမခံရပါက အဆိုပါတင်ဒါစပေါ် အာမခံငွေအား ပြန်လည်ထုတ်ပေးပါမည်။

၁၁။ ဈေးနှုန်းဖွင့်ဖောက်သည့်နေ့တွင် လာရောက်သည့် လုပ်ငန်းရှင်(သို့မဟုတ်)ကိုယ်စားလှယ်သည် ဝန်ကြီးဌာနတင်ဒါကော်မတီမှ စိစစ်သည့်ဈေးနှုန်းနှင့် ပစ္စည်းအပေါ်ဆုံးဖြတ်ပေးနိုင်သူဖြစ်ရပါမည်။

၁၂။ မည်သည့်ဈေးနှုန်းတင်သွင်းလွှာကိုမဆို အကြောင်းတစ်စုံတစ်ရာ ဖော်ပြခြင်းမပြုဘဲ ရွေးချယ်ခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်းပြုလုပ်နိုင်ပါသည်။ ရွေးချယ်ခြင်းမခံရသော ဈေးနှုန်းတင်သွင်းလွှာအတွက် အကြောင်းပြန်ကြားမည်ဖြစ်ပြီး၊ တင်ဒါအာမခံကြေးငွေအား (၇) ရက်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၁၃။ တင်ဒါအသေးစိတ်အချက်အလက် တင်သွင်းလွှာ (Specification) စာအိတ် (A) အား တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ ဖွင့်ဖောက်စစ်ဆေးရာတွင် အောက်ဖော်ပြပါ အချက်များအား ထည့်သွင်းစိစစ်အမှတ်ပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ဆေးခန်းဖွင့်လှစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆိုပြုလွှာ၊

(ခ) တင်ဒါတင်သွင်းသူ (ကုမ္ပဏီ) ၏ အရည်အချင်းနှင့်အတွေ့အကြုံ၊ ပိုင်ဆိုင်မှု၊

(ဂ) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းထားသော သက်တမ်းရှိ ကုမ္ပဏီဖြစ်ကြောင်း အထောက်အထား၊ လက်ရှိပုဂ္ဂလိကဆေးရုံ/ဆေးခန်းဖွင့်လှစ်ဆောင်ရွက်နေသူဖြစ်ပါက သက်တမ်းရှိ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်

(ဃ) သက်ဆိုင်ရာဘဏ်က အတည်ပြုလက်မှတ်ရေးထိုးထားသည့် တင်ဒါယှဉ်ပြိုင်သော ကုမ္ပဏီ၏ ဘဏ်ရှိ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ရှိ ငွေကြေးအင်အား (Bank Statement) (တင်ဒါဖွင့်ဖောက်မည့်နေ့တွင် မူရင်းတင်ပြရမည်)

(c) အဓိကကျသောဝန်ထမ်းများ (တင်ဒါယှဉ်ပြိုင်ပွဲသို့ တက်ရောက်သည့် ဥက္ကဋ္ဌ (သို့မဟုတ်)Managing Director (သို့မဟုတ်) Director) ။

၁၄။ စာအိတ် (A) တွင် အောက်ပါတို့ကို ထည့်သွင်းတင်ပြရမည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းထားသော သက်တမ်းရှိကုမ္ပဏီဖြစ်ကြောင်း အထောက်အထား၊တင်ဒါလျှောက်ထားသူ/ကုမ္ပဏီ/အဖွဲ့အစည်း၏ အမည်နှင့် တရားဝင်မှတ်ပုံတင်စာရွက်စာတမ်းများ (NRC/ Company Registration)၊ ဆက်သွယ်ရန် လိပ်စာ၊ ဖုန်းနံပါတ်နှင့် အီးမေးလ်

(ခ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း လိုင်စင် (သို့မဟုတ်) လိုင်စင်လျှောက်ထားဆဲ စာရွက်စာတမ်းများ

(ဂ) တာဝန်ခံဆရာဝန်၏ ဆေးကုသခွင့်လိုင်စင် (ဆမ-လိုင်စင်) မိတ္တူ

(ဃ) ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် အတွေ့အကြုံအထောက်အထားများ

(င) သက်ဆိုင်ရာဘဏ်က အတည်ပြုလက်မှတ်ရေးထိုးထားသည့် တင်ဒါယှဉ်ပြိုင်သောကုမ္ပဏီ၏ ဘဏ်ရှိ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ရှိ ငွေကြေးအင်အား (Bank Statement) (တင်ဒါဖွင့်ဖောက်မည့်နေ့တွင် မူရင်းတင်ပြရမည်)

(စ) ဖွင့်လှစ်မည့် ဆေးခန်းအမျိုးအစားနှင့် ပေးအပ်မည့် ကျန်းမာရေးဝန်ဆောင်မှုများ

(ဆ) အသုံးပြုမည့် ဆေးဘက်ဆိုင်ရာ စက်ပစ္စည်း/ကိရိယာများ စာရင်း

(ဇ) ခန့်အပ်မည့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်း/ကျန်းမာရေးဝန်ထမ်းအင်အားစာရင်းနှင့် အရည်အချင်းများ

(ဈ) ဌာနပိုင်အဆောက်အဦကို ပြင်ဆင်ထိန်းသိမ်းမည့် အစီအစဉ် (အဆောက်အဦ၏ မူလပုံစံ မပျက်စီးစေရန်)

(ည) ဆေးရုံ/ဆေးခန်း စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်မည့် အစီအစဉ် (Medical Waste Management)

၁၅။ ငှားရမ်းခဈေးနှုန်းတင်သွင်းရာတွင် တစ်လငှားရမ်းခနှုန်းထားနှင့် တစ်နှစ်ငှားရမ်းခနှုန်းထားများအား မြန်မာကျပ်ငွေဖြင့်သာ ဖော်ပြတင်သွင်းရမည်။ ငှားရမ်းခဈေးနှုန်းတင်သွင်းသည့် အဆောက်အဦသည် တင်ပြထားသည့် Specification စာအိတ် (A) ပါ အချက်များနှင့် ကိုက်ညီမှုရှိရပါမည်။

၁၆။ တင်ဒါအောင်မြင်သူသည် ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံးမှ အစစ်ဆေးခံအဖွဲ့အစည်းများအတွက် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုနိုင်ရမည်။

၁၇။ တင်ဒါအောင်မြင်သူသည် မိမိရရှိလာသောလုပ်ငန်းကို ထပ်ဆင့်လွှဲပြောင်းပေးခြင်းမပြုရ။

၁၈။ ဝန်ကြီးဌာနတင်ဒါကော်မတီ၏ စိစစ်ရွေးချယ်မှုနှင့် ဆုံးဖြတ်ချက်များသာအတည်ဖြစ်သည်။

၁၉။ တင်ဒါအောင်မြင်သူသည် ငှားရမ်းမည့် (၁) နှစ် တန်ဖိုး၏ ၁၀% (တစ်ဆယ်ရာခိုင်နှုန်း) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် လုပ်ငန်းပြီးမြောက်မှု အာမခံ (Performance Bank Guarantee) ပြုလုပ်၍ ငှားရမ်းမှု လုပ်ငန်းအပ်နှံသည့် စာချုပ်မချုပ်ဆိုမီ လူမှုဖူလုံဖူလုံရေးအဖွဲ့သို့ ကြိုတင်ပေးသွင်းရမည်။ လုပ်ငန်းပြီးမြောက်မှု အာမခံကြေးပေးသွင်းပြီးမှသာ တင်ဒါအာမခံကြေးအား ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။

၂၀။ လုပ်ငန်းပြီးမြောက်မှုအာမခံ (Performance Bank Guarantee) တန်ဖိုးငွေအား အဆောက်အဦအားပြန်လည်အပ်နှံပြီး စာချုပ်ပါစည်းကမ်းချက်များ၊ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု ရှိ/မရှိနှင့် အဆောက်အဦ၏ မူလအခြေအနေအတိုင်း ရှိ/မရှိ စစ်ဆေးအတည်ပြုချက်ရရှိပြီး (၇) ရက်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၂၁။ တင်ဒါတင်သွင်းသူသည် ရွေးချယ်ခြင်းခံရပြီးနောက်မှ ငြင်းဆိုလျှင်ဖြစ်စေ၊ ရွေးချယ်ကြောင်း အကြောင်းကြားပြီး (၇) ရက်မြောက်သည့်တိုင် လာရောက်၍ လုပ်ငန်းစာချုပ်ချုပ်ဆိုခြင်း မရှိလျှင်ဖြစ်စေ၊ ငှားရမ်းရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ပေးသွင်းထားသော အာမခံငွေများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူမည်ဖြစ်ပြီး ဤရုံး၏ လုပ်ငန်းရှင်မှတ်ပုံတင်စာရင်းမှပယ်ဖျက်ခြင်းခံရမည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးဌာနများအားလုံးသို့ စာရင်းပေးပို့အကြောင်းကြားမည်ဖြစ်သည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ